# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 3, 2025 Volume 86 , Number 2


၃.၁.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၅၉.၁၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၂.၉၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၀၁.၉၀ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၀၄.၁၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၃၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၄၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၇၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၆.၈၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၉၃ ကျပ် |


CONTACT US


ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀

ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ကြက်သွန်နီ လက်လီဈေးပြန်တက်ပြီး တောဈေးကျဆင်းနေသေး




လတ်တလော ကြက်သွန်သစ်များပေါ်နေသည့်အတွက် တောဈေးမရသော်လည်း လက်လီဈေးတွင် နယ်စုံလှိုင်လှိုင်မပေါ်သေး၍ ဈေးကွက်သို့ အနည်းငယ်သာရောက်နေသေးသည့်အတွက်ဈေးတက်နေခြင်းဖြစ်ကြောင်းကြက်သွန်စိုက်တောင်သူများက ဆိုသည်။

“ကြက်သွန်အခြောက်ဈေးကဈေးမရဘူး။အစိုဈေးကတော့အနည်းငယ်ဈေးကောင်းနေသေးတယ်။တောဘက်မှာတော့ ဈေးကွက်ကမကောင်းဘူး၊ ပြီးခဲ့တဲ့လနဲ့ယှဉ်ရင်ဈေးတွေကျသွားတယ်၊ နွေကြက်သွန်က သိပ်မကျန်တော့ဘူး။အခု မိုးကြက်သွန်တွေပဲ အရောင်းအဝယ်ရှိတယ်”ဟု မြင်းခြံခရိုင်မှ ကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောပြသည်။

တောဈေးကြက်သွန်နီအခြောက်မှာတစ်ပိဿာလျှင်ငွေကျပ် ၁၁၀၀ မှ ငွေကျပ် ၁၂၀၀ သာရှိပြီးအစိုဈေးတစ်ပိဿာလျှင်ငွေကျပ် ၁၇၀၀ မှ ငွေကျပ် ၁၈၀၀ သာရှိကာ အချိန်မရွေးဈေးပြောင်းလဲနိုင်ကြောင်း သိရသည်။

အဆိုပါနှုန်းထားမှာ စိုက်စရိတ်သာရ၍ အရှုံးပေါ်နေကြောင်းလည်း သိရသည်။

လက်ရှိ ကြက်သွန်အသစ်များဝင်နေပြီဖြစ်ပြီးအဝင်များသည့်ရက်များတွင်ဈေးချရောင်းနေရပြီး ဈေးထိန်းရောင်းနေကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှကုန်သည်များထံက သိရသည်။ “ကားဝင်များတဲ့အတွက်အဖွင့်ဈေးလျှော့ရောင်းရပါတယ်။ ကားများတဲ့နေ့ဆို တရားဝင်ဈေးချရောင်းကြတယ်။ ကြက်သွန်အသစ်တွေကို စားသုံးသူတွေမကြိုက်ကြဘူး၊ အဟောင်းပဲရောင်းရတယ်” ဟုဘုရင့်နောင်ကုန်စည်ဒိုင်မှ ကုန်သည်တစ်ဦးက ပြောပြသည်။

ဘုရင့်နောင်ပွဲရုံတွင်ဆိပ်ဖြူကြက်သွန်တစ်ပိဿာလျှင်အရွယ်အစားအရည်အသွေးပေါ်မူတည်ပြီး ၁၆၀၀ ကျပ်မှ ၄၂၀၀ ကျပ် မြင်းခြံတစ်ပိဿာလျှင် ၁၈၀၀ကျပ် မှ ၄၂၀၀ကျပ် ဖြင့် လည်ကောင်း မုံရွာကြက်သွန်တစ်ပိဿာလျှင် ၁၇၀၀ ကျပ် မှ ၄၂၀၀ ကျပ် နှင့် ပခုက္ကူတစ်ပိဿာလျှင် ၂၂၀၀ ကျပ် မှ ၄၃၀၀ ကျပ်အထိ ဈေးကျသွားကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၄ ဒီဇင်ဘာ ဒုတိယ အပတ်က တစ်ပိဿာလျှင် ၅၀၀ခန့် ကျဆင်းခဲ့သော်လည်း ဒီဇင်ဘာ နောက်ဆုံးအပတ်တွင် တစ်ပိဿာလျှင် ၂၀၀ ကျပ် မှ ၄၀၀ ကျပ် အထိ ပြန်တက်လာကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်က သိရသည်။

လက်ရှိ ကြက်သွန်အသစ်များသာ အရောင်းအဝယ်ပြုလုပ်နေပြီး လက်ကျန်ကြက်သွန်များမှာ ဈေးကွက်တွင်သိပ်မရှိတော့ကြောင်းနှင့်လမ်းပန်းဆက်သွယ်ရေးနှင့်သယ်ယူပို့ဆောင်ရေးခက်ခဲသည့်နေရာများတွင်ကြက်သွန် လက်လီဈေးတက်နိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံထွက်ကြက်သွန်များကို ပုံမှန်ကုန်သွယ်မှုနှင့်နယ်စပ်ကုန်သွယ်မှုတို့မှတစ်ဆင့် ပြည်ပနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ထိုင်း၊ ဗီယက်နမ်နှင့်အိန္ဒိယနိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source :** https://htwettoe.com/

## တစ်နှစ်အတွင်း နိုင်ငံတကာ ကုန်သေတ္တာတင်ယာဉ် ၆၃၃ စင်းဝင်ရောက်ခဲ့



၂၀၂၄ခုနှစ်အတွင်း ပြည်တွင်းသို့ နိုင်ငံတကာကုန်သေတ္တာတင်ယာဉ် ၆၃၃ စင်းဝင်ရောက်ဆိုက်ကပ်ခဲ့ပြီးဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သိရသည်။

ဇန်နဝါရီလတွင် ၄၉ စင်း၊ ဖေဖော်ဝါရီလတွင် ၅၃ စင်း ၊ မတ်လတွင် ၅၅ စင်း၊ ဧပြီလတွင် ၅၀ စင်း၊ မေလတွင် ၅၂ စင်း၊ ဇွန်လတွင် ၅၀ စင်း၊ ဇူလိုင်လတွင် ၅၀ စင်း၊ သြဂုတ်လတွင် ၅၀ စင်း၊ စက်တင်ဘာလတွင် ၅၅ စင်း ၊ အောက်တိုဘာလတွင် ၅၂ စင်း၊ နိုဝင်ဘာလတွင် ၅၇ စင်း၊ ဒီဇင်ဘာလတွင် ၆၀ ဝင်ရောက်ဆိုက်ကပ်ခဲ့ကြောင်း သိရသည်။


လာမည့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် နိုင်ငံတကာကုန်သေတ္တာတင်ယာဉ် ၆၂ စင်းဝင်ရောက်ဆိုက်ကပ်မည်ဖြစ်ပြီး ပြီးခဲ့ သည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီမှ ဒီဇင်ဘာလကုန်ထိ တစ်နှစ်တာကာလအတွင်း ရန်ကုန်ဆိပ်ကမ်းများသို့ နိုင်ငံတကာသင်္ဘောလိုင်း များမှ ကုန်သေတ္တာတင်သင်္ဘော ၆၄၅ စင်း ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ရန်ကုန်ဆိပ်ကမ်းဧရိယာတွင် အပြည်ပြည်ဆိုင်ရာရေယာဉ်ကြီးများ ဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်းတံတား ၂၇ စင်း၊ ရန်ကုန်သီလဝါအပြင်ဆိပ်ကမ်းဧရိယာတွင် ဆိပ်ကမ်းတံတား ၁၉ စင်းစုစုပေါင်း ၄၆ စင်းဖြင့်ဝန်ဆောင်မှုပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**Source : Popular News Journal**

## ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် စားတော်ပဲများ အရောင်းအဝယ်ကောင်းမွန်လာ

ဧရာဝတီတိုင်းဒေသကြီး ၊ မအူပင်မြို့နယ်တွင် စားတော်ပဲများ အရောင်းအဝယ်ကောင်းမွန်လာကြောင်း မအူပင်မြို့နယ်ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။



မအူပင်မြို့နယ်တွင် ဒီဇင်ဘာလတတိယပတ်မှစတင်ပြီး စားတော်ပဲများအဝယ်လိုက်လာပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါ စားတော်

ပဲများ တစ်ပတ်လျှင် ၁၆ ပြည်ဝင်အိတ်ရေ ၁၀၀ မှ ၂၅၀ ထိ အရောင်းအဝယ်ဖြစ် လာကြောင်း သိရသည်။

"စားတော်ပဲက အရင်ကထက်တော်တော်လေးအရောင်းအဝယ်ဖြစ်လာပါတယ်။ ပြည်တွင်းစားသုံးမှုအားကောင်းလာတာကြောင့် အခုလိုအရောင်းအဝယ်ကောင်းလာတာပါ။ အရောင်းအဝယ်ကောင်းလာတော့ ပဲလုပ်ငန်းနဲ့ဆက်စပ်တဲ့သူတွေ အလုပ်အကိုင် အခွင့်အလမ်းရရှိလာတာတွေ့ရပါတယ်။ လက်ရှိဒေသထွက်ပဲတွေကိုဒေသဈေးကွက်အပြင်ရန်ကုန်ကပါဝယ်ယူမှုကောင်းလာတာပါ" ဟု ၎င်းက ပြောပြသည်။

မအူပင်မြို့နယ်တွင် စားတော်ပဲများအပါအဝင် အခြားပဲများကိုစနစ်တကျသန့်စင်ပြီးဝယ်ယူသည့်ဒေသများသို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ အဆိုပါဒေသတွင် ဒေသခံများက စားတော်ပဲကိုအခြားသီးနှံများနှင့် ယှဉ်တွဲပြီး တစ်ဦးလျှင် တစ်ဧကမှ ၁၀ ဧကထိ စိုက်ပျိုးကြကြောင်း သိရသည်။

**Source: ရတနာပုံ သတင်းစာ**

## ၂၀၂၅ ခုနှစ် ပဲစင်းငုံအသစ်များ ဝင်ရောက်လာသော်လည်း ဈေးကောင်းမရရှိသေး



၂၀၂၅ ခုနှစ် ပဲစင်းငုံ အသစ်ဝင်ရောက်လာသော်လည်း ဈေးကောင်းမရရှိသေးကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။

လက်ရှိ ပဲ၊ နှမ်းဈေးကွက်အတွင်း ၂၀၂၅ ခုနှစ် ပဲစင်းငုံအသစ်များ ဝင်ရောက်လာရာ သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၃၃၀,၀၀၀ ပေါက်ဈေးရှိနေသည်။

နှစ်ကုန်ပိတ်ရက်များသောကြောင့် ပဲ၊ နှမ်းဈေးကွက် အရောင်းအဝယ်အေးနေကြောင်း၊ လက်ရှိမှာ ပဲ၊ နှမ်းများ တင်ပို့မှု အခက်အခဲကြောင့်လည်း အရောင်းအဝယ်အေးခြင်းဖြစ်ကြောင်း မြေပဲဆန်တစ်မျိုးသာ ဆီစက်ပိုင်များအဝယ်ရှိနေသောကြောင့် အရောင်းအဝယ်ဖြစ်နေကြောင်း ၂၀၂၅ ခုနှစ်ပဲစင်းငုံများ အသစ်ဝင်လာသော်လည်း လှောင်လက်သမားများ စောင့်ကြည့်နေသေးကြောင်း ပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

" ပဲ၊ နှမ်းဈေးကွက်က ဈေးအကုန်အေးနေပါတယ်။ ပဲတွေ၊ နှမ်းတွေ ကားနဲ့တင်ပို့ရာမှာအခက်အခဲတွေရှိလာတော့ ကုန်သည်တွေ အရောင်းအဝယ် ကောင်းကောင်းမလုပ်နိုင်ကြဘူး။ ရန်ကုန်အဝယ်တွေ အမှာမရှိဖြစ်နေလို့ အရောင်းအဝယ်အေးနေတာပါ။ မြေပဲဆန်ကလည်း ဆီစက်ပိုင်တွေ ခပ်အေးအေးသာ အဝယ်ရှိနေတာပါ။ မတ်ပဲသစ်တွေကလည်း အရည်အသွေးကျဆင်းမှုရှိတော့ ဈေးကျပြီး အဝယ်အေးနေပါတယ်။ အသစ်ဝင် ပဲစင်းငုံကလည်းဈေးကောင်းမရရှိသေးပါဘူး။ ဇန်နဝါရီ ၁၅ လောက်ဆိုရင်တော့ ပဲစင်းငုံအသစ်တွေအဝင်စုံလာပါမယ်။လက်ရှိမှာပဲစင်းငုံအသစ်တွေကလည်းဈေးကျဆင်းနေပေမဲ့ လှောင်လက်သမားတွေ စောင့်ကြည့်နေပါတယ်။ ပြည်တွင်းသုံးကုလားပဲတွေလည်း ဈေးကျဆင်းနေတယ် " ဟု ၎င်းကပြောသည်။

ဒီဇင်ဘာ ၂၆ ရက်တွင် ပို့ကုန်မတ်ပဲ (အသစ်)တစ်အိတ်လျှင် ကျပ် ၂၉၇,၀၀၀၊ ပဲစင်းငုံမှာ ပဲနှမ်းဈေးကွက်အတွင်း စတင်ဝင်ရောက်လာသော်လည်း သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၃၃၀,၀၀၀ ခန့် ပေါက်ဈေးရှိနေသည်။

ပဲတီစိမ်း (အညာ) တစ်အိတ်လျှင် ကျပ် ၃၀၀,၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ အဝယ်အေးနေရာ ဒီဇင်ဘာ ၂၆ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ကျပ် ၂၉၅,၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ကျပ် ၂၉၅,၀၀၀၊ ထိုင်ဝမ် ကုလားပဲတစ်အိတ်လျှင် ကျပ် ၂၇၆,၀၀၀၊ 929 ကုလားပဲတစ်အိတ်လျှင် ကျပ် ၂၈၅,၀၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ဈေးကျဆင်းလာရာ ပဲကြီးတစ်အိတ်လျှင် ကျပ် ၂၈၀,၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ကျပ် ၃၄၀,၀၀၀၊ ကနေဒါစားတော်ပဲတစ်အိတ်လျှင် ကျပ် ၃၆၅,၀၀၀ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ကျပ် ၈၄၀၀ မှ ၈၅၀၀ ပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံမှာ အရောင်းအဝယ် ပြန်သွက်လာရာ ဒီဇင်ဘာ ၁၉ ရက် တွင် နှမ်းနက်(စမုန်) ၄၅ ပိဿာ တစ်အိတ်လျှင် ကျပ် ၆၆၀,၀၀၀၊ အက်ဆစ်လွတ်တစ်အိတ်လျှင် ကျပ် ၆၈၀,၀၀၀၊ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာတစ်အိတ်လျှင် ကျပ် ၄၁၅,၀၀၀၊ နှမ်းဖြူ(ဗမာ-သစ်) ၄၅ ပိဿာ တစ်အိတ်လျှင် ကျပ် ၃၇၀,၀၀၀၊ နှမ်းညို ၄၅ ပိဿာတစ်အိတ်လျှင် ကျပ် ၃၁၀,၀၀၀ အသီးသီး ပေါက်ဈေးရှိနေရာနှမ်းအမျိုးအစားအလိုက် တစ်အိတ်လျှင် ကျပ် ၁၀,၀၀၀ ကျော် ဈေးပြန်လည်ကျဆင်းလာကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## ပြည်မြို့ရဲ့ ဆန်မရွေး




ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်မြို့နယ်တွင် အချိန်မရွေးဝယ်ယူစားသုံးနိုင်သည့် ဒေသထွက်ကုန်တစ်မျိုးဖြစ်သည့် ဆန်မရွေးကို ပြည်မြို့ ၊ မြို့မစည်ပင်သာယာဈေးကြီးနှင့် အခြားဈေးများတွင်လည်း စားသုံးသူများအနေဖြင့် စိတ်ကြိုက်ဝယ်ယူစားသုံးနိုင်သည်။

ဆန်မရွေးမှာ မြန်မာ့ရိုးရာအစားအစာဖြစ်သည့်အတွက် တောနေမြို့နေလူတန်းစားများကြိုက်သော သရေစာမုန့်ဖြစ်ပြီးၺင်းကိုကုန်ကြမ်းရရှိမှုအနေဖြင့် ပြည်မြို့နယ်အတွင်း ဆန်စက်များနှင့် ဆန်ပွဲရုံများမှ ဆန်ကွဲနှင့် ဆန်လတ်ကိုဝယ်ယူပြီး တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် မိသားစုတစ်ပိုင်တစ်နိုင်လုပ်ကိုင်ကြပြီး နေ့စဉ်ဝင်ငွေရရှိသော လုပ်ငန်းလည်းဖြစ်သည်။


ပြည်ဒေသထွက်ဆန်မရွေးကိုအခြားမြို့နယ်များသို့တင်ပို့ရောင်းချကြောင်းပြီးဆန်မရွေးတစ်ပိဿာလျှင်၇၀၀၀ကျပ်ရှိသည်။

ဆန်မရွေးကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်ထုတ်လုပ်နိုင်ရန်ငွေကြေးအရင်းအနှီး၊နည်းပညာပံ့ပိုးမှုများဆောင်ရွက်ပေးနိုင်ပါကလုပ်ငန်းများ ယခုထက်ပိုမိုတိုးချဲ့လုပ်ကိုင်လာနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်ကြောင်း သိရသည်။

**Source : DOCA ပဲခူး**

https://www.doca.gov.mm/

## ကြံခင်းမြို့နယ်တွင် ခရမ်းချဉ်သီးစိုက်ပျိုးခြင်းဖြင့် တောင်သူများ တွက်ချေကိုက်



ဧရာဝတီတိုင်းဒသကြီး၊ မြန်အောင်ခရိုင်၊ ကြံခင်းမြို့နယ်တွင် စားဖိုဆောင်သုံးသီးနှံဖြစ်သော ခရမ်းချဉ်သီးနှံကို စီးပွားဖြစ်စိုက်ပျိုးလျက်ရှိသည်။

ခရမ်းချဉ်သီးနှံကို စက်တင်ဘာလတွင် စတင်စိုက်ပျိုးပြီး ဒီဇင်ဘာလပထမပတ်တွင် စတင်ခူးဆွတ်ကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် မျိုးစေ့ကိုပျိုးထောင်ပြီး အပင်သက်တမ်းတစ်လခန့်အချိန်တွင် မြေချစိုက်ပျိုးရကြောင်း၊တစ်ဧကလျှင် မျိုးစေ့ထုပ် ၆/၇ ထုပ်ခန့် စိုက်ပျိုး ရကြောင်း၊ အထွက်နှုန်းအနေဖြင့် စတင်ခူးဆွတ်ချိန်တစ်ဧကလျှင် ၃၀-၅၀ ပိဿာခန့်ထွက်ရှိပြီး တစ်ပတ်ထက်တစ်ပတ် ပိုမိုထွက်ရှိပြီး၊ ၃ - ၄ရက်ခြားတစ်ကြိမ် ခူးဆွတ်ရပါသည်။

စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ၁၂ သိန်းခန့်ကုန်ကျကြောင်း၊ ဒိုင်သွင်းဈေးအနေဖြင့် တစ်ပိဿာလျှင် ၄၀၀၀-၅၀၀၀ ကျပ်ရရှိပြီး၊ အကျိုးအမြတ်အနေဖြင့်တစ်ဧကလျှင် သိန်း ၂၀ ကျပ်ခန့်ရရှိခြင်းကြောင့် တွက်ခြေကိုက်လျက် ရှိကြောင်း ခရမ်းချဉ်သီးစိုက်တောင်သူတစ်ဦးထံက သိရသည်။

**Source : DOCA (ဧရာဝတီ)**

https://www.doca.gov.mm/

## အာရှဖွံ့ဖြိုးရေးဘဏ် ( ADB ) သည် အိန္ဒိယသို့ အမေရိကန်ဒေါ်လာ ၇၈၈ ဒသမ ၈ သန်း ချေးငွေကို အတည်ပြုခဲ့




အာရှဖွံ့ဖြိုးရေးဘဏ် ADB သည် ၎င်း၏မြို့တော် Amaravati တွင် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရန်အတွက် အိန္ဒိယနိုင်ငံ Andhra Pradesh ပြည်နယ်သို့ ချေးငွေ အမေရိကန်ဒေါ်လာ ၇၈၈ ဒသမ ၈ သန်းအား အတည်ပြုခဲ့ကြောင်း ပြောကြားခဲ့သည်။

Amaravati Inclusive and Sustainable Capital City Development Program သည် မြို့တော်ကိုဒေသတွင်း ဖွံ့ဖြိုးမှု အချက်အချာအဖြစ်ပြောင်းလဲရန်၊ စီးပွားရေးအလားအလာများ မြှင့်တင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများပေးအပ်ခြင်းနှင့် နေထိုင်သူများ၏လူနေမှုဘဝများ ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်ထားကြောင်း ADB က ပြောကြားခဲ့သည်။

အများပိုင်ရင်းနှီးမြုပ်နှံမှုများသည်ပင်မအခြေခံအဆောက်အအုံများ၊အစိုးရအဆောက်အအုံများနှင့်ရပ်ကွက်အခြေခံ အဆောက်အအုံများအပါအဝင် အဓိကအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားလုပ်ဆောင်မည်ဖြစ်ပြီး မြေယာပေါင်းစပ်မှု အစီအစဉ်အောက်တွင် သက်ဆိုင်သူလယ်သမားများကို အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါအစီအစဉ်သည် အခြေခံအဆောက်အအုံနှင့်စိမ်းလန်းသောနေရာများ၊ ရေနှင့်သန့်ရှင်းရေးဝန်ဆောင်မှုများ၊ ကာဗွန်နည်းသော သယ်ယူပို့ဆောင်ရေးအခြေခံအဆောက်အအုံများရရှိနိုင်ရန်နှင့် ရေလွှမ်းမိုးမှုအန္တရာယ်လျော့ပါးစေရန် ရေနုတ်မြောင်းစနစ်များ တိုးတက်ကောင်းမွန်လာစေရန် မျှော်လင့်ထားကြောင်း သိရသည်။

**Source : Xinhua**

**DOCA (ရန်ကုန် )**

https://www.doca.gov.mm/

## တောင်ကိုရီးယားနိုင်ငံ၏ ၂၀၂၅ ခုနှစ်အတွက် စီးပွားရေးမူဝါဒသည် တည်ငြိမ်သောစီမံခန့်ခွဲမှုကို အလေးထားဆောင်ရွက်သွားမည်

တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးတိုးတက်နှုန်းသည် ၂၀၂၅ ခုနှစ်တွင် ၁ ဒသမ ၈ ရာခိုင်နှုန်းသာ တိုးတက်နိုင်သည်ဟု စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဒုတိယဝန်ကြီး - ၁ ဖြစ်သည့် Mr. Kim Beom-seok က ၂-၁-၂၀၂၅ ရက်နေ့က ပြောကြားခဲ့သည်။

မသေချာမရေရာမှုများ မြင့်မားနေသည့်အချိန်တွင် တောင်ကိုရီးယားနိုင်ငံ၏ ၂၀၂၅ ခုနှစ်အတွက် စီးပွားရေးမူဝါဒသည် "တည်ငြိမ်သောစီမံခန့်ခွဲမှု"ကိုသာ အဓိကထားပါကြောင်း Mr. Kim Beom-seok က ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်း နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများက "တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးတိုးတက်နှုန်းသည် ၂၀၂၅ ခုနှစ်တွင် ၂ ဒသမ ၂ ရာခိုင်နှုန်းအထိတိုးတက်လိမ့်မည်" ဟု ခန့်မှန်းခဲ့ကြပါသည်။

ယင်းနောက်ပိုင်းတွင် အနည်းငယ် လျှော့ချပြီး ၂ ရာခိုင်နှုန်းမှ ၂ ဒသမ ၁ ရာခိုင်နှုန်းအထိ စီးပွားရေးတိုးတက်မှုရှိနိုင်သည်ဟု ခန့်မှန်းထားခဲ့သည်။

ကိုရီးယားဗဟိုဘဏ်ကလည်း နိုင်ငံ၏စီးပွားရေးတိုးတက်နှုန်းသည် ၁ ဒသမ ၉ ရာခိုင်နှုန်းအထိ ရှိနိုင်သည်ဟု ခန့်မှန်းထားခဲ့ပါသည်။

TIR

စီးပွားရေးတိုးတက်မှုနှုန်းကို လျှော့ချခန့်မှန်းလာရသည့်အဓိကအကြောင်းရင်းများမှာပြည်တွင်းဝယ်လိုအား ပြန်လည်နာလန်ထူလာမှုသည်မျှော်လင့်ထားသည်ထက်နှေးကွေးနေခြင်းနှင့် ပို့ကုန်တင်ပို့မှုတွင်စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရခြင်း ဥပမာ-တစ်ပိုင်းလျှပ်ကူးပစ္စည်းများကဏ္ဍ၏ စီးပွားရေးသံသရာတွင်အကျဘက်သို့ ဦးတည်ချိန်ရောက်လာခြင်းနှင့် ကမ္ဘာ့နိုင်ငံများက ကုန်သွယ်မှု တွင်ကာကွယ်မှုဆိုင်ရာနည်းလမ်းများကျင့်သုံးလာကြခြင်းတို့ပင်ဖြစ်ပါကြောင်း၊ ပြည်တွင်းနိုင်ငံရေးမတည်ငြိမ်မှုများသည်လည်း စီးပွားရေးတိုးတက်မှုနှုန်းခန့်မှန်းမှုအပေါ် လွှမ်းမိုးမှုရှိပါကြောင်း Mr. Kim Beom-seok က ပြောကြားခဲ့သည်။

ယခုနှစ်အတွင်း မကြုံစဖူးကြုံတွေ့နေရသောပြည်တွင်း၊ပြည်ပမသေချာမရေရာမှုများသည်စီးပွားရေးတိုးတက်မှုနှုန်းကိုသာမကငွေလဲနှုန်းနှင့် လူနေမှုဘဝအထွေထွေအခြေအနေများအပေါ်ပါ သက်ရောက်မှုရှိစေကြောင်း Mr. Kim Beom-seok က ပြောကြားခဲ့သည်။

သို့ဖြစ်၍ ကျယ်ပြန့်သောမူဝါဒဆိုင်ရာစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းအစား ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကိုသာ အဓိကဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊သက်တမ်းခဏသာကြာမြင့်သည့် စစ်အုပ်ချုပ်ရေး ကြေညာခဲ့သည့် ၃.၁၂.၂၀၂၄ ရက်နောက်ပိုင်း အကြွေးဝယ်ကတ်အသုံးပြုမှု၊ စားသောက်ဆိုင်များတွင် ရောင်းချရမှုများ ကျဆင်းနေပါကြောင်း၊ ၂၀၂၅ ခုနှစ်၊ ပထမသုံးလပတ်ကာလအထိ ပြည်တွင်းဝယ်လိုအားသည် အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိနေနိုင်ပြီး နောက်ပိုင်းမှသာ တဖြည်းဖြည်းပြန်လည်နာလန်ထူလာနိုင်ကြောင်း စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောကြားခဲ့ပါသည်။

ပြည်တွင်းသုံးစွဲမှုမြှင့်တင်ရန်နှင့် ပြည်ပသို့တင်ပို့မှုမြှင့်တင်ရန် အစိုးရသည် ဝမ်ငွေ ၄၃၁ ဒသမ၁ ထရီလီယံ အမေရိကန်ဒေါ်လာ ၃၀၀ ဒသမ ၂ ဘီလီယံ သို့မဟုတ် ၂၀၂၅ ခုနှစ်အတွက် စုစုပေါင်းဘတ်ဂျက်ဖြစ်သည့် ၅၇၄ ဒသမ ၈ ထရီလီယံ၏ ၇၅ ရာခိုင်နှုန်းကို သုံးစွဲသွားမည်ဖြစ်ပါသည်။

အဆိုပါဘတ်ဂျက်ကို ဝင်ငွေနည်းမိသားစုများနှင့် လက်လီရောင်းချမှုနှုန်းလျော့ကျနေသည့် ကိုယ်ပိုင်လုပ်ငန်းငယ်လေးများကို ထောက်ပံ့ပေးရာတွင် အသုံးပြုသွားမည်ဖြစ်ပါကြောင်း၊ပြည်တွင်းသုံးစွဲမှုမြင့်မားစေရန် ဇန်နဝါရီလကုန်တွင်ကျရောက်မည့် ရိုးရာနှစ်သစ်ကူးပွဲတော်ကာလအတွင်းအရောင်းမြှင့်တင်ပွဲကြီးတစ်ခုကျင်းပ၍လျှော့ဈေးများဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ထို့ပြင် အခြားသောစီမံဆောင်ရွက်ရန် ကိစ္စများရှိပါကဘတ်ဂျက်ထပ်မံတိုးမြှင့်သုံးစွဲရေးအပါအဝင် အခြားသောနည်းလမ်းများရှာဖွေဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့်အမျိုးသားအသုံးစရိတ်များကိုသမိုင်းတစ်လျှောက်တွင် မသုံးစွဲခဲ့ဖူးသည့်နှုန်းဖြင့် ကျယ်ကျယ်ပြန့်ပြန့်နှင့်မြန်မြန်ဆန်ဆန်အသုံးချသွားမည်ဟု ဝန်ကြီးဌာနက ထပ်လောင်းပြောကြားခဲ့ပါသည်။

နိုင်ငံရေးမတည်ငြိမ်မှုများကြောင့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုအဟန့်အတားဖြစ်စေသည့်အတွက်ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကိုထိန်းသိမ်းရေး ဆောင်ရွက်သွားရန်လည်း ဝန်ကြီးဌာနက ကတိပြုခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရန်အခွန်နှုန်းများလျှော့ချခြင်း Tax Incentives အပါအဝင် ငွေကြေးအထောက်အပံ့များပေးသွားမည်ဖြစ်ပါကြောင်း ဝန်ကြီးဌာနကအထူးအလေးထား ပြောကြားခဲ့ပါသည်။

**Source:** https://www.koreatimes.co.kr/www/biz/2025/01/488_389583.html

**စီးပွားရေးသံမှူး၊ ဆိုးလ်မြို့။**

**https://myantrade.gov.mm**

## အိန္ဒိယအစိုးရက ပဲမျိုးစုံလက်လီရောင်းချသူများကို ဈေးနှုန်းလျှော့ချရန် တောင်းဆိုထား

အိန္ဒိယအစိုးရက ပဲမျိုးစုံဈေးနှုန်းလက်ကားဈေးကျဆင်းမှုနှင့်အတူလက်လီရောင်းချသည့်လုပ်ငန်းရှင်များကိုလည်းဈေးနှုန်းလျှော့ချရန် မကြာသေးမီကပြုလုပ်သည့် အစည်းအဝေးတွင် အကြံပြုခဲ့ကြောင်း၊ ပဲစင်းငုံ၊ မတ်ပဲ၊ ကုလားပဲ၊ ပဲတီစိမ်း၊ စားတော်ပဲ

စသည့်ပဲမျိုးစုံ၏ လက်ကားဈေးနှုန်းသည် လွန်ခဲ့သည့်နှစ်လအတွင်း ၅-၂၀ ရာခိုင်နှုန်းထိ ကျဆင်းသွားသော်လည်း လက်လီဈေးနှုန်းများမှာ အမြင့်ဈေးတွင် ဆက်လက်တည်ရှိနေကြောင်း သိရသည်။

အစားအသောက်နှင့်စားသုံးသူရေးရာဝန်ကြီးဌာနမှအရာရှိကြီးများသည် ပဲမျိုးစုံလက်လီဈေးနှုန်းများမကျဆင်းသည့်အတွက် လုပ်ငန်းရှင်များနှင့်မကြာသေးမီကတွေ့ဆုံခဲ့ကြကြောင်း၊လုပ်ငန်းရှင်အချို့၏ပြောကြားချက်အရအိန္ဒိယအစိုးရသည် ပဲမျိုးစုံလက်လီရောင်းချသူများအား တတ်နိုင်သလောက် ဈေးနှုန်းချိုသာစွာဖြင့်ရောင်းချရန်၊ ၁၅ - ၂၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရေး ရည်မှန်းဆောင်ရွက်ရန်နှင့် လက်လီဈေးနှုန်းများမလျှော့ပါက အစိုးရအနေဖြင့် အထောက်အပံ့ပေးရောင်းချလျက်ရှိသည့် Bharat အမှတ်တံဆိပ် ပဲမျိုးစုံကိုဈေးကွက်တွင်တိုးမြှင့်ရောင်းချရန်ဆောင်ရွက်သွားမည်ဟု ပြောကြားထားကြောင်း သိရသည်။

မိုးရာသီ ပဲသီးနှံထွက်ရှိမှုကောင်းမွန်ရန်မျှော်လင့်ထားခြင်းနှင့် စားတော်ပဲနှင့်ကုလားပဲအများအပြားတင်သွင်းမှုအားကောင်းခြင်းတို့သည် ပဲမျိုးစုံဈေးနှုန်းများသက်သာလာစေရန် အကူအညီဖြစ်စေခဲ့ကြောင်း၊ ကုလားပဲမှလွဲ၍ အခြားသောပဲမျိုးစုံဈေးနှုန်းသည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါကကျဆင်းလျက်ရှိပါကြောင်း၊ ပြီးခဲ့တဲ့နှစ်လတာကာလအတွင်း ပဲစင်းငုံဈေးနှုန်းမှာ တစ်ကီလို ၁၅-၂၀ ရူပီးခန့် ကျဆင်းခဲ့ကြောင်း၊ ယခုအချိန်ထိ ပဲစင်းငုံစိုက်ခင်းများ၏ အခြေအနေမှာ အနည်းငယ်နှောင့်နှေးမှုများရှိသော်လည်း ပြီးခဲ့တဲ့သုံးနှစ်မှ လေးနှစ်ကာလအတွင်း၌ အကောင်းဆုံးအနေအထားဖြစ်ပါကြောင်း၊ ဆောင်းရာသီ ဟင်းသီးဟင်းရွက်များဈေးသက်သာစွာရရှိနိုင်ခြင်းကြောင့် ဈေးကြီးသောပဲမျိုးစုံဝယ်လိုအားကို ကျဆင်းစေခဲ့ကြောင်း မဟာရက်ရှ်ထရာပြည်နယ်မှ ပဲခွဲစက်လုပ်ငန်းရှင်တစ်ဦးက ပြောကြားထားသည်။

သို့ဖြစ်၍ အိန္ဒိယနိုင်ငံတွင် မြန်မာနိုင်ငံမှ အဓိကတင်ပို့လျက်ရှိသော ပဲတစ်မျိုးဖြစ်သည့်ပဲစင်းငုံ၏ မိုးရာသီပြည်တွင်းအထွက်နှုန်းကောင်းမွန်မည်ဟုမျှော်လင့်ထားရှိမှုအခြေအနေနှင့် အစိုးရကပဲမျိုးစုံဈေးနှုန်းများကျဆင်းရေးထိန်းကျောင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Source: Govt asks retailers to lower price of pulses, The Economic Times, 22 December, 2024.**

**စီးပွားရေးသံမှူး၊ နယူးဒေလီမြို့။**

**https://myantrade.gov.mm**

## နယူးဇီလန်၏ ပင်လယ်စာတင်ပို့မှုသည် စံချိန်သစ်တင်ခဲ့



နယူးဇီလန်နိုင်ငံ၏ ပင်လယ်စာတင်ပို့မှုသည် ၂၀၂၅ ခုနှစ် ဇွန်လတွင် နယူးဇီလန်ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံအထိ ရောက်ရှိရန် ရည်မှန်းထားကြောင်းသမုဒ္ဒရာနှင့်ငါးလုပ်ငန်းဝန်ကြီး Shane Jones က ပြောကြားခဲ့သည်။

နယူးဇီလန်ပင်လယ်စာတင်ပို့မှုအတွက် အနာဂတ်အလားအလာအားကောင်းနေကြောင်း Jones ကပြောကြားပြီး ပင်လယ်စာကဏ္ဍ၏ ကြိုးစားအားထုတ်မှုကို ထည့်သွင်းပြောကြားခဲ့သည်။

တောင့်တင်းသောဝယ်လိုအား၊ တင်းကျပ်သော ကမ္ဘာ့ရောင်းလိုအားနှင့် ပို့ကုန်ဈေးနှုန်းများမြင့်မားခြင်းသည် ပင်လယ်စာပို့ကုန်တင်ပို့မှုကိုမြှင့်တင်ပေးပြီးနိုင်ငံ၏ငါးမွေးမြူသူများ၊ ငါးဖမ်းသမားများနှင့် ပရိဆက်ဆာများထံသို့ အကျိုးအမြတ်များ ပြန်လည်ရောက်ရှိစေကြောင်း ဆက်လက်ပြောကြားခဲ့သည်။

ပင်လယ်စာကဏ္ဍသည် ထုတ်လုပ်မှုကုန်ကျစရိတ်ကို မြင့်တက်စေသည့် ရာသီဥတုနှင့် ပထဝီဝင်နိုင်ငံရေး ပြဿနာများအပါအဝင် စိန်ခေါ်မှုများစွာကို ကောင်းစွာဖြေရှင်းနိုင်ခဲ့ကြောင်း၊ ငွေကြေးဖောင်းပွမှုဖြေလျှော့မှုကြောင့် အတိုးနှုန်းများလျှော့ကျလာ

ခြင်းကြောင့်ကြွေးမှီဝန်ဆောင်မှုစရိတ်များ လျော့ကျသွားကာကမ္ဘာလုံးဆိုင်ရာပို့ဆောင်စရိတ်များလည်း သက်သာလာကြောင်း သိရသည်။

အစိုးရက လက်ရှိအဏ္ဏဝါမွေးမြူရေးလုပ်ငန်းကမ်းရိုးတန်းပါမစ်အတွက် စည်းကမ်းချက်များကို အနှစ် ၂၀ သက်တမ်းတိုး ခဲ့ပြီး ငါးဖမ်းခွန်များကို ဖြတ်တောက်ကာ ၂၀၃၅ ခုနှစ်တွင် ငါးသားဖောက်ရောင်းချမှုဝင်ငွေ သုံးဆတိုးလာ၍ နယူးဇီလန်ဒေါ်လာ ၃ ဘီလီယံအထိရရှိရန် ရည်မှန်းထားကြောင်း သိရသည်။။

**Source : Xinhua**

DOCA ရန်ကုန်

https://myantrade.gov.mm

## STOCK EXCHANGE (3.1.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 3rd Jan. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,315 (Shares) | 33,739,150 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | +100 | +1.22% | 8,300 | 8,300 | 8,200 | 658 | 5,453,900 | 33,109,694 | 274,811 |
| MTSH | 00002 | 3,150 | +50 | +1.61% | 3,100 | 3,150 | 3,100 | 5,535 | 17,158,600 | 38,929,150 | 122,627 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 0 | 0 | 10,400,986 | 86,328 |
| FPB | 00004 | 1,900 | -50 | -2.56% | 1,900 | 1,900 | 1,900 | 3,757 | 7,138,300 | 29,664,613 | 56,363 |
| TMH | 00005 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 0 | 0 | 12,823,224 | 42,317 |
| EFR | 00006 | 1,650 | -50 | -2.94% | 1,650 | 1,650 | 1,650 | 412 | 679,800 | 19,977,223 | 32,962 |
| AMATA | 00007 | 4,200 | +0 | +0.00% | 4,200 | 4,200 | 4,200 | 292 | 1,226,400 | 10,497,598 | 44,090 |
| MAEX | 00008 | 3,150 | +0 | +0.00% | 3,150 | 3,150 | 3,150 | 661 | 2,082,150 | 23,804,946 | 74,986 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 3rd Jan. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 389.40 | +1.47 | +0.38% | 389.69 | 389.69 | 387.14 | 11,315 | 33,739,150 | 8 | 734,484 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 3rd Jan. 2025

| Trading Volume | Trading Value |
|---|---|
| 11,571 (Shares) | 34,519,950 (MMK) |

### Main Board

As of 1:00 pm, 3rd Jan. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,315 (Shares) | 33,739,150 (MMK) |

| MYANPIX | 389.40 ▲ 1.47 |
|---|---|
| Total Volume (shares) | 11,315 |
| Total Value (MMK) | 34 mil |
| Listed Company | 8 |
| Market Cap. (MMK) | 734,484 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▲ 100 |
| MTSH | 00002 | 3,150 | ▲ 50 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 1,900 | ▼ 50 |
| TMH | 00005 | 3,300 | ▲ 0 |
| EFR | 00006 | 1,650 | ▼ 50 |
| AMATA | 00007 | 4,200 | ▲ 0 |
| MAEX | 00008 | 3,150 | ▲ 0 |

TIR